# သခင့်စကား


ဝိညာဉ်ရေးဂျာနယ်စာစောင်

အကြင်သူသည် ငါ့ကိုငှင်း၊ ငါ့စကား ကိုငှင်း ရှက်၏။ လူသားသည် ... ...
ဘုန်းကိုဆောင်လျက် ကြွလာသောအခါ ထိုသူကို ရှက်တော်မူလတ္တံ့။ လုကာ ၉း၂၆

အမှတ်စဉ် (၃၉) | နိုဝင်ဘာလ | ၂၀၀၄ ခုနှစ် | စမ္မဒါန ( လခင့် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် )


## သန့်ရှင်းသောအသက်တာနဲ့ဘယ်လိုစတင်နေထိုင်မလဲ

လူ လူသား တစ်ဦးတစ်ယောက်ရဲ့ အကူအညီ မပါဘဲ ဆန်စပါးကို အလိုအလျောက် ရှင်သန်ကြီးထွားလာဖို့ ဘုရားသခင်က မစီမံခဲ့ပါဘူး။ ဘုရားသခင်ရဲ့ အကြံအစည်တော်ထဲမှာ လူသားတွေလဲ လုပ်ဖော်ကိုင်ဘက်အဖြစ် ပါဝင်နိုင်ဖို့ ဘုရားသခင်က အခွင့်ပေးခဲ့ပါတယ်။ လောက ကမ္ဘာ မြေအိမ်ကြီးထဲမှာ ဘုရားသခင်က နေရောင်ခြည်၊ လေပြေလေညှင်း၊ မိုးစက်ပွင့်၊ နှင်းဥ၊ နေ့ နဲ့ ည၊ သစ္စာရှိစွာ လည်ပတ်နေတဲ့ ရာသီဥတုတွေကို ပရိဘောဂ အဖြစ် ထည့်သွင်းပေးထားခဲ့ပါတယ်။ သစ်စေ့တွေ အထဲမှာ ပေါက်ရောက်ရှင်သန်နိုင်ဖို့ အသက်ကို ထဲ့သွင်းပေးထားပါတယ်။ ဒါပေမဲ့ လူသား အနေနဲ့ ရှင်းလင်း ထွန်ယက် စိုက်ပျိုး ရိတ်သိမ်းရမဲ့ တာဝန်ကိုတော့ ပေးထားခဲ့ပါတယ်။



( အလိုအလျောက် ပေါက်လာတဲ့ စပါးစေ့က လူ့ပါးစပ်ထဲကို အလိုအလျောက် ရောက်လာဖို့ အခွင့်ကို ဘုရားက တိုက်ရိုက် မပေးဘဲ၊ လူသားက ဘုရားနဲ့ ပူးတွဲလုပ်ဆောင်ဖို့ တာဝန်တစ်ခုကို ချန်ထားခဲ့ပါတယ်။)

ဝိညာဉ်ရေးရာပိုင်း ဆိုင်ရာမှာလဲ ကယ်တင်ခြင်းရဖို့နဲ့ လူသားရဲ့ ဝိညာဉ် နေရာမှန် ပြန်ရောက်ဖို့အတွက် ဘုရားခင်က လူသားနဲ့ပူးပေါင်းပြီး လုပ်ဆောင်လိုတဲ့ ဆန္ဒရှိခဲ့ပါတယ်။ ဘုရားသခင်က အပြစ်သားတစ်ယောက် ကယ်တင်ခြင်းရဖို့ နောက်အပြစ်သား တစ်ယောက်ရဲ့ ကူညီမှု မပါဘဲ မလုပ်ဆောင်ခဲ့ပါဘူး။

– ကျွန်တော်တို့ မမွေးခင်ကတည်းက ကျွန်တော်တို့ကို ကယ်တင်ဖို့ ဘုရားသခင်ရဲ့ အကြံအစည်က ရှိနေနှင့် ပြီးသားပါ။
– ကောင်းကင်တမန်နဲ့ ပရောဖက်တွေက ဘုရားသခင်ရဲ့ အကြံအစည်တော်ကို ဟောပြောကြေငြာ ပြီးသားပါ။
– ဘုရားသားတော် ယေရှုခရစ်တော် ကိုယ်တော်တိုင် လောကထဲ ဆင်းကြွလာခဲ့ပြီး အသေခံနှင့် ပြီးသားပါ။
– သန့်ရှင်းသော ဝိညာဉ်တော် ဘုရားသခင် ကိုယ်တော်တိုင် လောကထဲမှာ ရှိနေနှင့် ပြီးသားပါ။
– သမ္မာ ကျမ်းစာတော်မြတ်မှ ဘုရားသခင်၏ ဤကြံအစည်တော်ကို ဖော်ပြနှင့် ပြီးသားပါ။

ဒါကို အပြစ်သားတွေအနေနဲ့ သမ္မာတရားကို ကြားဖို့၊ နောင်တရဖို့၊ အပြစ်ရှိကြောင်း ဝန်ခံတတ်ဖို့၊ အပြစ်ပြေအောင် တောင်းပန်ဖို့၊ ယုံကြည်လက်ခံဖို့ ဆိုတဲ့ အဆင့်တွေ လိုအပ်ပါတယ်။ ဒီအဆင့်တွေကို မကျော်ဖြတ်၊ မလုပ်ဆောင်ဘဲနဲ့ ကယ်တင်ခြင်းရဖို့ မြှော်လင့်နေတဲ့သူဟာ စပါးစေ့ကို မြေပေါ်မှာ မစိုက်ပျိုးဘဲနဲ့ ရိတ်သိမ်းဖို့ ပြင်ဆင်နေတဲ့ လယ်သမားနဲ့ တူပါတယ်။ သန့်ရှင်းသော ဝိညာဉ်တော်ဘုရားထံတော်က အခမဲ့ လက်ဆောင်ကို လိုချင်တဲ့သူဟာ ဘုရားသခင်နဲ့ အတူတူ လုပ်ဆောင်လိုတဲ့ ဆန္ဒနဲ့ လုပ်ဆောင်မှု ရှိရပါလိမ့်မယ်။ ဘုရားသခင်ဘက်ကတော့ အားလုံး အဆင်သင့်ပါဘဲ။ လူသားတွေကို ကောင်းကြီးမင်္ဂလာပေးဖို့ ဘုရားက အဆင်သင့် ဖြစ်နေပါပြီ။ ကောင်းကြီး လက်ခံမဲ့ ကျွန်တော်တို့ လူသားတွေဘက်က အဆင်သင့်ဖြစ်ဖို့ဘဲ လိုပါတယ်။

လူသားတွေရဲ့ အစွမ်းနဲ့ လွယ်လွယ်ကူကူ လုပ်နိုင်မဲ့ အချက်တွေကို အောက်မှာ ဖော်ပြလိုက်ပါတယ်။

**ပထမ အဆင့်** – ကျွန်တော်တို့ရဲ့ လိုအပ်ချက်ကို သိမြင်တတ်ဖို့နဲ့ မြင်လာတဲ့ လိုအပ်ချက်ကိုလဲ လက်ခံတတ်ဖို့ လိုပါတယ်။ အပြစ်သားတစ်ယောက်ရဲ့ မျက်လုံးဟာ သန့်ရှင်းတဲ့ နှလုံးသားအတွက် လိုအပ်ချက်ကို ရှင်းရှင်းလင်းလင်း မြင်နိုင်မှာ မဟုတ်ပါဘူး။ သူ့ နှလုံးသားထဲက မကောင်းတဲ့ အရာတွေကိုလဲ ရှုံ့ရှာတတ်ရမှာဖြစ်သလို၊ သူမုန်းနေတဲ့ သူအပေါ်မှာ နာကျင်အောင် ကလဲ့စားချေ၊ ရန်ရှာလိုတဲ့ စိတ်ကို ထိန်းချုပ် မြိုသိပ်နိုင်ရမှာ ဖြစ်ပါတယ်။

သူ့ကိုယ်သူ လူကောင်း သူကောင်းတစ်ယောက် အဆင့်မှာ ရှိနေတယ်လို့ စိတ်ကြီးဝင်ပြီး ထင်နေတဲ့ သူတစ်ယောက်ဟာ တချိန်တည်းမှာဘဲ သူဟာ လူသတ်သမား တစ်ယောက် ဖြစ်နေတယ်ဆိုတဲ့ ဘုရားသခင်ရဲ့ အမြင်မျိုး သူ့ဆီမှာ မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားသခင်က မိမိညီအစ်ကိုကို မုန်းတဲ့သူဟာ လူသတ်သမား ဖြစ်တယ်လို့ ၁ယော ၃း၁၅ မှာပြောထားလို့ပါဘဲ။ ဘုရားသခင်ရဲ့ အမြင်မှာ မုန်းတာနဲ့ သတ်တာ အတူတူဘဲလို့ သတ်မှတ်ထားပေမဲ့ လူသားတွေကတော့ သတ်တာကို အပြစ်ကြီးကြီးအဖြစ် ထင်ပြီး ၊ မုန်းတာကိုတော့ အပြစ်သေးသေးလေးလို့ ယူဆထားကြပါတယ်။

ကိလေသာ တပ်မက်သော စိတ်နဲ့ ကြည့်ရှုခြင်းဟာ ထိုသူနဲ့ မှားယွင်းပြီး ပြစ်မှားရာရောက်တယ် ဆိုတဲ့ ဥပဒေသကို သခင်ယေရှုရဲ့ တရားတော်ထဲမှာ တွေ့ရပြန်ပါတယ်။

ဒီပထမ အချက်ကို သေသေချာချာ သဘောပေါက်သွားရင်တော့ မိတ်ဆွေအတွက် ကယ်တင်ခြင်းရဖို့ လမ်းစပွင့်လာပြီလို့ ဆိုရပါလိမ့်မယ်။

**ဒုတိယ အဆင့်** – ကျွန်တော်တို့ရဲ့ လိုအပ်ချက်ကို ထိန်ဝှက်မထားဘဲ ပွင့်ပွင့်လင်းလင်း ဝန်ခံတတ်ဖို့ လိုပါတယ်။ သင့်ကို တစ်စုံတစ်ယောက်က ကယ်တင်ခြင်းစိတ်ချမှု ရှိပြီလားလို့ မေးလာတဲ့အခါ– သင်က "ဟုတ်ကဲ့၊ ကျွန်ုပ်ရဲ့ အသက်တာကို ဘုရားသခင်ရဲ့ လက်ထဲ အပ်နှံထားပါတယ်။ နှလုံးသားထဲမှာ သခင်ယေရှုကို ခေါ်ဖိတ်လက်ခံထားပါတယ်။ အသက်တာပြောင်းလဲသွားပါပြီ၊ သေရမှာကိုလဲ မစိုးရိမ်တော့ပါ၊ ကယ်တင်ခြင်းစိတ်ချမှု ရှိနေပါပြီ" လို့ ပြန်ဖြေနိုင်ရင် –– သိပ် ကောင်းပါတယ်။

ဒါဆိုရင် နောက်မေးခွန်းတွေ ထပ်မေးပါမယ်။

– မိတ်ဆွေရဲ့ နှလုံးသား ဖြူစင်သန့်ရှင်း အညစ်အကြေး ကင်းစင်ပါရဲ့လား။
– သူတစ်ပါးရဲ့ အမှားကို သည်းခံနိုင်ရဲ့လား။

– မသနား မစာနာတတ်သူတွေကို ခွင့်လွှတ်နိုင်ရဲ့လား။
– ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့ ဉာဏ်ရှိသမျှ အစွမ်းသတ္တိရှိသမျှ ချစ်ရဲ့လား။
– ကိုယ်နဲ့ စပ်ဆိုင်သူကို ကိုယ်နှင့်အမျှ ချစ်ရဲ့လား။
– ဒေါသ၊ မာန၊ ဝန်တို မနာလိုတဲ့စိတ်၊ ပြုစု ရန်လိုတဲ့စိတ်၊ ညစ်ပတ်ရွံရှာသော စိတ်သဘောထား တွေ ရှိနေသေးလား။



**စိတ်နှလုံး ဖြူစင်သော သူတို့သည် မင်္ဂလာ ရှိကြ၏။ မဿဲ ၅း၈**

တကယ်လို့– သင့်ရဲ့ စိတ်နှလုံး မဖြူစင်သေးဘူး ဆိုရင်တော့၊ ကောင်းကင် ဘုံရှင် ဘုရားသခင်ရှေ့မှာ မရှက်မကြောက် ပွင့်ပွင့်လင်းလင်း ဝန်ခံဖို့သင့်ပါတယ်။

**တတိယ အဆင့်** – ဒီကောင်းကြီး မင်္ဂလာဟာ မိတ်ဆွေအတွက်ဆိုတာ ယုံကြည်မှုရှိပါ။ စာတန်ကတော့ မိတ်ဆွေရဲ့ နှလုံးသား သန့်ရှင်းဖြူစင်နိုင်ပါ့မလား ဆိုတဲ့ သံသယ တွေ ရှိလာအောင် သူ့စွမ်းသလောက် နှောက်ယှက်နေမှာ အမှန်ပါဘဲ။
– သန့်ရှင်း စင်ကြယ်ခြင်းဆိုတာ မင်းလို သာမာန် လူတွေအတွက် မဟုတ်ဘူး။
– စိတ်နှလုံး ဖြူစင်ဖို့ မင်းအတွက် မလိုအပ်ဘူး။ သာသနာပြု ဆရာတွေ၊ သင်းအုပ် ဆရာတွေ အတွက်ကွ။
– မင်းအဆင့်နဲ့ ဒီလောက်ထိ သန့်ရှင်းဖို့ မလိုပါဘူးကွာ၊ တော်ရုံတန်ရုံဆို ရပါပြီ။
– ဘယ်အရာမဆို အစွန်း ရောက်ရင် မကောင်းဘူးကွ၊ အလယ်အလတ်လမ်းက အကောင်းဆုံးဘဲ။
– မင်း နေထိုင်နေတဲ့ အိမ် ပတ်ဝန်းကျင်၊ လုပ်ငန်းခွင်၊ အပေါင်းအသင်းတွေကြားထဲမှာ မင်းဟာ ဘယ်လိုမှ သန့်ရှင်းဖြူစင်တဲ့ နှလုံးသားပိုင်ရှင် ဖြစ်လာနိုင်မှာ မဟုတ်ဘူး။ အပိုတွေပါကွာ။ သူတော်စင်လောက် မကောင်းနိုင်ရင်တောင်၊ သူခိုး ဂျပိုးလောက် မဆိုးရင် တော်ပြီပေ့ါ။

… ဆိုတဲ့ စကားလုံး လက်နက်တွေနဲ့ စာတန်က သင့်ရဲ့ အသိဉာဏ် အတွေးအခေါ်ကို ပစ်ခတ်နှောက်ယှက်ပြီး အရင်လို ဘဝမျိုးထဲ တဝဲလည်လည်ဖြစ်အောင် လုပ်ဆောင် ပါလိမ့်မယ်။

သင့်အတွက် ခက်ခဲပေမဲ့ ဘုရားသခင်က သင့်ရဲ့ ဆိုးညစ်ခြင်း၊ သည်း မခံနိုင်ခြင်း၊ မနာလိုတတ်ခြင်း၊ တဏှာရာဂ တပ်မက်ခြင်း ဆိုတဲ့ အရာတွေ နေရာမှာ ကောင်းမြတ်ခြင်း၊ သည်းခံခြင်း၊ ချစ်ခြင်း၊ ကိုယ်ချင်းစာနာတတ်ခြင်း ဆိုတဲ့ အရာတွေနဲ့ အစားထိုးပေးနိုင်ပါတယ်။

သန့်ရှင်းဖြူစင်ခြင်းဟာ သင့်ရဲ့ နှလုံးသားထဲက ဆိုးညစ်ခြင်းတွေကို လောင်ကျွမ်းဖျက်ဆီး ပေးနိုင်လောက်တဲ့ အပူသတ္တိနဲ့ ပြည့်ဝနေတဲ့ လောင်စာ တစ်ခုဖြစ်ပါတယ်။

**ဟေဗြဲ ၁၂း၂၉ ငါတို့ ဘုရားသခင်သည် လောင်သော မီး ဖြစ်တော်မူ၏။**

သန့်ရှင်းတဲ့ အသက်တာကို ရောက်ဖို့ ကြိုးစားနေချိန်မှာ စာတန်က စိတ်ပျက်အောင် လုပ်ဆောင်မှာဖြစ်ပါတယ်။ ဒါကို ကရုမစိုက်ပါနဲ့၊ ဘုရားသခင်ရဲ့ ကောင်းကြီး၊ သင့်ဆီက ရွေ့မသွားနိုင်ပါ။ ဘုရားကသင့်ကို ချစ်တယ်၊ နားလည်တယ်။ သင် အကြိမ်ကြိမ် ရွေ့လျော့ရင်တောင် ဘုရားက တည်မြဲနေမှာဖြစ်ပါတယ်။

သခင်ယေရှု နောက်ကို တကောက်ကောက်လိုက်နေတဲ့ တမန်တော်ရှင်ပေတရုဟာ အကြိမ်ကြိမ် ဖောက်ပြန်ခဲ့ပါတယ်။ နောက်ဆုံးအကြိမ်မှာတောင် "ထိုသူကို ငါမသိ"လို့ ညာပြောခဲ့ပါသေးတယ်။ ဒါပေမဲ့ သခင်ယေရှုရဲ့ မေတ္တာက ပေတရု အပေါ်မှာ ပျက်ပြယ်သွားခြင်း မရှိခဲ့ပါဘူး။ ရက်သတ္တပါတ် အနည်းငယ် ကြာတဲ့အချိန်မှာ ရှင်ပေတရုဟာ ကောင်းကြီးခံစားရပြီး တစ်ရက်အတွင်းမှာ လူသုံးထောင် ပြောင်းလဲသွားတဲ့အထိ စွမ်းဆောင်နိုင်ခဲ့ပါတယ်။

**စတုတ္ထ အဆင့်** – ဘုရားသခင်ရဲ့ ကောင်းကြီးမင်္ဂလာဟာ သင့်အတွက်ဆိုတာကို ယုံကြည်ပါ။ ဘုရားသခင်ပေးတဲ့ ကယ်တင်ခြင်း ကျေးဇူးတရားကို အပြစ်သားတွေက တူးတူးခါးခါး ငြင်းဆန်နေတာဟာဖြင့် အင်မတန် အံ့သြစရာကောင်းတဲ့ ဖြစ်ရပ်ဘဲ ဖြစ်ပါတယ်။ ဒီ့အပြင် ကယ်တင်ခြင်း စိတ်ချမှု ရရှိပြီးသား သူတွေအနေနဲ့လဲ သန့်ရှင်းသောအသက်တာနဲ့ နေထိုင်လိုတဲ့ ဆန္ဒ မရှိကြတာကိုလဲ အထူးအဆန်းသဖွယ် ထပ်မံတွေ့ရှိပြန်ပါတယ်။

မာနတ်နဲ့ နတ်ဆိုးတွေကတော့ "ကိစ္စ မရှိပါဘူးကွာ၊ ဒီကိစ္စက နောက်မှလုပ်လဲ ဖြစ်ပါတယ်" လို့ သွေးထိုးပေးနေအုံးမှာပါဘဲ။ နောင်တ ရဖို့ နောက်ကျနေတဲ့ နှလုံးသားတွေအတွက် သန့်ရှင်းသော ဝိဉာဉ်တော်ဘုရားက ပူဆွေးသောက ရောက်နေအုံးမှာပါဘဲ။

**ပဥ္စမ အဆင့်** – စစ်မှန်သော နှလုံးသားနဲ့ ယေရှုခရစ်တော်ဆီ အရောက်လှမ်းလာခဲ့ရင် မိတ်ဆွေ ကောင်းကြီးခံစားရမှာ ဖြစ်ပါတယ်။

## နောက်ပြန် လှည့်မကြည့်ဘဲ သင့်ဆီမှာ ရှိသော အရာအားလုံးကို သခင့်လက်ထဲ ပုံအပ်လိုက်စမ်းပါ။ သခင့် ထံတော်က ကောင်းမြတ်တဲ့ အရာတွေအားလုံး သင့်လက်ထဲ ရောက်လာမှာ ဖြစ်ပါတယ်။

အဲဒီအခါကျရင် သင့်ဆီမှာ သူတော်ကောင်း ယောင်ဆောင်ချင်တဲ့ စိတ်တွေမရှိတော့ဘူး။ ကလိမ်ကကျစ် ကျလိုတဲ့ စိတ်သဘောတွေ မရှိတော့ဘူး။ ငါ တကော ကော လိုတဲ့စိတ်တွေ မရှိတော့ဘူး။ ကောင်းကင်ဘုံရှင် ဘုရားသခင်က ကျွန်တော်တို့ကို ကောင်းကင် ဘုန်းစည်းစိမ်ပေးဖို့ ကမ်းလှမ်းနေပါတယ်။ ဘုရားသခင်က ကျွန်တော်တို့ရဲ့ နှလုံးသားကို အကုန်အစင် သန့်ရှင်းဖို့ တောင်းဆိုနေပါတယ်။ စာတန်ကို အပြတ်အသတ် အနိုင်ယူဖို့နဲ့ သန့်ရှင်းသော ဝိညာဉ်တော် ဘုရားကို သန့်ရှင်းသော နှလုံးသားထဲမှ နေရာပေးဖို့ တောင်းဆိုနေပြန်ပါတယ်။

တကယ်လို့ ကျွန်တော်တို့ဟာ သခင့်ရဲ့ တောင်းဆိုချက်၊ ကမ်းလှမ်းချက်ကို ငြင်းဆန်ခဲ့မယ်ဆိုရင် ဒီအဖြစ် အပျက်လေးနဲ့ သွားတူနေပါလိမ့်မယ်။

" တစ်ခါက ရှင်ဘုရင်တစ်ပါးဟာ လမ်းဘေးက ခြေသလုံးအိမ်တိုင်၊ ဥတစ်လုံး တစ်ကောင်ကြွက်ဖြစ်တဲ့ သူတောင်းစားတစ်ယောက်ကို အဝတ်စုတ်တွေ နေရာမှာ ပိုးဖဲ ကတ္တီပါနဲ့ ရွှေတွေကို အစားထိုး လဲလှယ်ပေးခဲ့ပါတယ်။ အမှိုက်သရိုက်နေရာမှာ စိန်တွေကို အစားထိုး လဲလှယ်ပေးခဲ့ပါတယ်။ ညစ်ပတ်နေတဲ့ တဲစုတ်နေရာမှာ ခမ်းနားထည်ဝါတဲ့ နန်းတော်ဆောင်ကို အစားထိုးလဲလှယ် ပေးခဲ့ပါတယ်။

ဒါပေမဲ့ မိုက်မဲလှတဲ့ သူတောင်းစားဟာ သူအရင်တုံးက သုံးစွဲခဲ့ဖူးတဲ့ ညစ်ပတ် နံစော်နေတဲ့ အဝတ်စုတ်တွေကို နှမြောတသကြီးစွာနဲ့ အခုအချိန်အထိ မစွန့်လွှတ် နိုင်သေးဘဲ သိမ်းထားတာကို တွေ့ရပါတယ်" ကဲ – ကျွန်တော်တို့ကော ဘုရားသခင် ပေးနေတဲ့ကောင်းကြီးတွေကို လက်ခံရရှိထားလျှက်နဲ့ ညစ်ပတ်စုတ်ပဲ့ နေတဲ့ ကျွန်တော်တို့ရဲ့ အကျင့်ဆိုးတွေကို တရှိုက်မက်မက် သိမ်းထားတုံးဘဲလား။ စွန့်ပစ်လိုက်ပါတော့။

ကျွန်တော်တို့ရဲ့ အပြင်လူဟာ ဘယ်လိုဘဲ ဖြစ်နေပါစေ၊ အတွင်းလူကိုတော့ ခိုင်မြဲသန့်ရှင်းသော အသက်တာနဲ့ ဆက်လက်အသက်ရှင်ကြပါစို့။

ရေနံချေး အထပ်ထပ်သုတ်ထားတဲ့ ဘုရားကျောင်းအိုကြီးကို အပြင်ဘက်က ရုတ်တရက်ကြည့်လိုက်ရင် တော်တော်ငြီးငွေ့ဖွယ် ကောင်းနေပါလိမ့်မယ်။

ဒါပေမဲ့ အတွင်းကို ဝင်ကြည့်လိုက်ပါ၊
– ဒဏ်ရာ ရ နှလုံးသားတွေကို သက်သာ စေပါလိမ့်မယ်။
– ယိုယွင်းနေတဲ့ အသက်တာတွေကို တည်မြဲ စေပါလိမ့်မယ်။
– ညစ်ထေးနေတဲ့ ဘဝတွေကို သန့်ရှင်းစေပါလိမ့်မယ်။
– ပျက်စီးခြင်း လမ်းထဲက လာတဲ့သူဖြစ်နေပါစေ။ ကောင်းကင်ဘုံ ပြူတင်းဝကို တွေ့ရပါလိမ့်မယ်။

**Commissioner Samuel Logan Brengle** ရေးသားသော **How to Start Living a Holy Life** စာမူအား ဆီလျော်အောင် မြန်မာဘာသာသို့ ပြန်ဆိုပါသည်။
( လှူရှင် )

ooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooo

# “ စိတ်ချမှုရှိပြီလား ”



မိုးရာသီ ကုန်ဆုံးလို့ ဆောင်းဦး ပေါက်ချိန်၊ စပ်ကူး မတ်ကူးကာလတွင် နှင်းဆက်မိုးက တဖွဲဖွဲရွာလို့ နေပါတယ်။ အဝေးပြေး လမ်းမကြီး တစ်ခု ပေါ်မှာ ခရီးသည်တင် ကားကြီးတစ်စီး ပုံမှန် မောင်းနှင်လို့ နေပါတယ်။ ယာဉ် ပေါ်မှာ စီးနင်းလိုက်ပါလာတဲ့ ခရီးသည်အားလုံးဟာ ငြိမ်သက်စွာနဲ့ ငိုက်မြည်းလို့ နေပါ တယ်။ အဲဒီ အချိန်မှာ – ရုတ်တရက် အရှေ့က ကားကို ကျော်တက် လိုက်ချိန်မှာ ကား ဆရာက လက်ကိုင်ဘီးကို ပြန်ကွေ့လိုက်ပေမဲ့ ကားက ပုံမှန်နေရာကို ပြန်ရောက် မလာ ဘဲ၊ လမ်းမကြီးရဲ့ ဘယ်ဘက်ခြမ်းကို ထိုးဆင်း ကျသွားပါတယ်။ ကားပေါ်က လူတွေ အားလုံးရဲ့ အော်ဟစ်သံ၊ အကူအညီ တောင်းသံများဟာ ဆူညံ ကျယ်လောင်စွာ ထွက်ပေါ်လို့ လာပါတယ်။ နောက်ဆုံးတော့ ကားကြီးဟာ လမ်းဘေးကို ထိုးကျပြီး တိမ်းမှောက် သွားခဲ့ပါတယ်။ ခရီးသည်တွေနဲ့ အတူ ကားမှောက်တဲ့အထဲကို ကျွန်တော့်ရဲ့ ညီလေးနဲ့ အစ်ကို ပါသွားခဲ့ပါတယ်။ အဲ– ကျွန်တော်ကတော့ ကားမမှောက်ခင် ကတည်းက ခုန်ချပြီး ကျန်ရစ်ခဲ့ပါတယ်။ ကားပေါ်ပါသွားတဲ့သူတွေ အားလုံး ဒဏ်ရာပြင်းပြင်းထန်ထန် မရသွားကြပါဘူး။ ဒါဟာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့်ဘဲ ဖြစ်ပါတယ်။

အမှန်အတိုင်း ဝန်ခံရရင် အဲဒီအချိန်တုံးက **ကျေးဇူးတော်** ဆိုတဲ့အရာကို ကျွန်တော် မသိသေးပါဘူး။ မရေရာတဲ့ အသက်တာမျိုးနဲ့ ကျွန်တော် အသက်ရှင်နေတဲ့ အချိန် ဖြစ်ပါတယ်။ ကျွန်တော်ဟာ သာမာန်မိရိုးဖလာ ခရစ်ယာန်မိသားစု က ပေါက်ဖွားလာတဲ့အတွက် ရင်းနှီးတဲ့ မိတ်ဆွေတစ်ချို့က ကျွန်တော့်ကို ခရစ်ယာန် အဖြစ် အသိအမှတ်ပြုကြပါတယ်။ ငယ်ငယ်တုံးက မိဘတွေ တိုက်တွန်းလို့ ဆန်းဒေးစကူးလ် တက်ခဲ့ဖူးပေမဲ့၊ ကြီးလာတော့ မယုံကြည်သူတွေနဲ့ ပေါင်းမိပြီး မယုံကြည်သူတွေလို အသက်ရှင်ခဲ့မိပါတယ်။ အဖိုးတန်တဲ့ အချိန်တွေကို အချည်းနှီး ကုန်စေခဲ့ပါတယ်။ မိဘစကားကို နားမထောင်ဘဲ ကိုယ်ထင်ရာ လုပ်ခဲ့မိပါတယ်။ ဒီလို နေရတာကို စိတ်ချမ်းသာတယ်လို့လဲ ထင်ခဲ့မိပါတယ်။

ဒါပေမဲ့ စစ်မှန်တဲ့ ငြိမ်သက်ခြင်း မရှိခဲ့သလို ငါဆိုတဲ့ အတ္တပေါ်မှာ ရပ်တည်ပြီး ကိုယ့်အားကိုယ်ကိုးပြီး လုပ်ခဲ့လို့ အောင်မြင်မှု မရခဲ့ပါဘူး။ နောက်တော့ ကံ၊ ဉာဏ်၊ ဝီရိယ ဆိုတဲ့အရာတွေကို အားကိုးလာပါတယ်။ အဆင်မပြေတဲ့ အခါမျိုးမှာ ဘုရားသခင်ဆီမှာ ဆုတောင်းဖူးပါတယ်။ ကျွန်တော်ဟာ ခရစ်ယန်တစ်ယောက် ဖြစ်တဲ့အတွက် သခင်ယေရှုကို သိတယ်။ ဒီလို သိရုံသက်သက်က ကျွန်တော့် ဘဝကို စိတ်ချမှုနဲ့ ကာကွယ်မှု မပေးနိုင်ခဲ့ပါဘူး။ ဒါတွေကို ကားမှောက်တဲ့အခါမှ နဲနဲသိလာခဲ့ပါတယ်။ ငါသေရင် ဘယ်သွားမလဲလို့ စဉ်းစားတတ်လာခဲ့ပါတယ်။

ဘာမှ မသိသော ခရစ်ယာန်၊ ဘာမှ မရှိသော ခရစ်ယာန် အဖြစ် ဘုရားသခင်က ကျွန်တော့်ကို အသက်မရှင် စေခဲ့ပါဘူး။

ကျွန်တော်ဟာ အစ်ကိုကြီးတစ်ယောက် ဖြစ်ပေမဲ့၊ ညီငယ် ညီမငယ်တွေအတွက် ကောင်းသောပုံသက်သေ မပြနိုင်ခဲ့ပါဘူး။ ကျွန်တော့်ရဲ့ ညီဝမ်းကွဲတွေဟာ ကျွန်တော့်ကြောင့် ဆေးလိပ်၊ ကွမ်းယာ၊ အရက် သောက်တတ်လာခဲ့ကြပါတယ်။
၁ကောသ ၂၇မှာ – လောက၌ မိုက်မဲသောသူ၊ မရေရ သောသူ၊ ယုတ်သောသူ၊ အားနည်းသောသူကို ရွေးကောက်တော်မူ၏လို့ ဖော်ပြထားပါတယ်။

ကယ်တင်ခြင်းစိတ်ချမှု ကျမ်းစာသင်တန်းတစ်ခုကို ကျွန်တော်တက်ခွင့်ရတဲ့အတွက် ၁၈–၁–၂၀၀၁ ခုနှစ်မှာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ခံစားရပြီး ကယ်တင်ခြင်း စိတ်ချမှုရခဲ့ပါတယ်။ ကားတိုင်ပေါ် အသေခံပြီး အသက်စွန့်ချစ်တဲ့ သခင့်ထံ ကျွန်တော့်ရဲ့ အသက်တာကို အပ်နှံခဲ့ပါတယ်။

ယော ၃း၁၆။ ကျမ်းချက်အရ ကယ်တင်ခြင်းရရှိခဲ့တာ ကျေးဇူးတော်ဘဲဗျာ။

ဟေရှာယ ၅၅း၂ –**အစာ မဟုတ်သော အရာအဘို့ သင်တို့ ငွေကိုငှ်း၊ အမွတ် မပြေနိုင်သော အရာအဖို့ သင်တို့ ဥစ္စာကိုငှ်း အဘယ့်ကြောင့် ကုန်စေကြသနည်း။**

– ဆိုတဲ့ကျမ်းချက်အရ  ကွမ်း၊ ဆေးလိပ်နဲ့ အရက်ကိုလဲ မသောက်ဘဲ နေခဲ့ပါတယ်။ ဒီလို မကောင်းမှုတွေကို အရင်က နှစ်ခြိုက်ခဲ့ပေမဲ့ အခုချိန်မှာ ဘုရားသခင်ထံ အပြစ်ဝန်ချပြီး စွန့်လွှတ်နိုင်ခဲ့ပါတယ်။ သေရင် ဘယ်သွားမလဲ ဆိုတာကိုလဲ တွေးပူစရာ မလိုဘဲ ကယ်တင်ခြင်း စိတ်ချမှု ရခဲ့ပါတယ်။

၁ကော ၁၅း၂၂ – **လူအပေါင်းတို့သည် ခရစ်တော်အားဖြင့် အသက်ရှင်ခြင်းသို့ ရောက်ရကြလတ္တံ့။**
... ဆိုတဲ့ ကျမ်းချက်အရ – ဒီလိုပြောင်းလဲလာရခြင်းဟာ ကျွန်တော့်ရဲ့ ကြိုးစားအားထုတ်မှုကြောင့် မဟုတ်ဘဲ ဘုရားသခင်ရဲ့ အချိန်ကိုက် ပြင်ဆင် မှုကြောင့်ဘဲ ဖြစ်ပါ


တယ်။ အို – ဘုရားသခင် ကိုယ်တော့်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။

ဘုရားသခင်က အယုတ်၊ အလတ်၊ အမြတ် မရွေး အခြေအနေကို မကြည့်ဘဲ ထာဝရအသက်ကို လူတိုင်းအတွက် အခမဲ့ လက်ဆောင်ပေးဖို့ ပြင်ဆင် လမ်းဖွင့် ပေးထားပါတယ်။ အချိန်မနှောင်းခင်မှာ မိတ်ဆွေရဲ့ အပြစ်ကို ဝန်ချပြီး ကရာနီမှာ အသွေးသွန်းခဲ့တဲ့ ဘုရားသခင်ရဲ့ သားတော်ကို မိမိရဲ့ အသက်တာထဲမှာ ရရှိသောသူ အယောက်တိုင်း ဖြစ်ပါစေလို့ မေတ္တာဖြင့် ဝေငှသက်သေခံလိုက်ပါတယ်။ ။

ခရစ်တော်၏ မေတ္တာဖြင့်

**ဇညား ( ခေတ္တ – စင်ကာပူ )**

# ကျွန်တော်၏ရင်တွင်းစကား ( ၉ )



ပြောဖန်များတဲ့ စကားဟာ ခါးတယ်။
ဟောဖန်များတဲ့ တရားဟာ မှားတယ်။
ကြားဖန်များတဲ့ နားဟာ ပါးတယ်။
လူ့ခန္ဓာကိုယ်ထဲက စကားသက်သက်ကို
အပေါ်ယံနားနှစ်ဘက်နဲ့ ကြားရုံသက်သက် ကြားနေခဲ့ရင်တော့
တို့တတွေ ဒီတသက် မှားနေကြအုံးမှာဘဲ။

မကြားတတ်တဲ့ နားအတွက် တရားထပ်ထပ် ဟောလဲ အပိုဘဲ။
ပင်း နေတဲ့ နားအတွက် အတင်းအဖျင်း ပြောလဲ အပိုဘဲ။
ပိတ်ဆို့ထားတဲ့ နားအတွက် စိတ်ညို့စကား ပြောလဲ အပိုဘဲ။
ထိုင်းနေတဲ့ နားအတွက် ခိုင်းစေ နေလဲ အပိုဘဲ။

တိုးတိုး တိတ်တိတ်စကားကို စိုးထိတ်စွာ ကြားခဲ့ရ။
ဖယ်ရှောင် နေတဲ့ စကားကို ကျယ်လောင်စွာ ကြားခဲ့ရ။
ချဲ့ထွင် ပြောတဲ့ စကားကို ၊ ပွဲတင်သံနဲ့ ကြားခဲ့ရ။

စကားရွံ့ မသာယာတဲ့ စကားကို ၊ မကြားဝံ့ မနာသာ ကြားခဲ့ရ။
အဲဒီလို စကားပေါင်းများစွာကို ၊ ကြားခဲ့ရလို့ နားရှက်နေခဲ့ရင်လဲ
နားနဲ့ မနာ ၊ ဖဝါးနဲ့သာ နာလိုက်ပါ။

မကြားချင် ဟန်ဆောင်တဲ့ နား၊
တရားမင် ဟန်ဆောင်တဲ့ နား။
စကား ခင် အဆံချောင်တဲ့ နား
အမှားပြင် ရန်ထောင်တဲ့ နား။
ပါးတဲ့ နား၊ ထူတဲ့ နား
ကွန်ပျူတာ နား၊ စက်ရုပ် နား
ဂီတ နား၊ ပုံကျ နားတွေနဲ့
လူသားတွေက ဘုရားကို နားပူနားဆာ လုပ်နေခဲ့ ။

ဟော့ –
ရမက် စည်းဖောက်တာလား၊ နားခွက် မီးတောက်တာလား။
အသံတွေနဲ့ ယက်ထားတဲ့ လောကမြေအိမ်ကြီးထဲမှာတော့
သစ္စာတရားက မေတ္တာတရားကို နားဖောက်ဖို့ ကြိုးစားနေချိန်မှာ –
'အတ္တ' က 'မာန' ကို မိဖုရားမြှောက် ပြီးသွားပါပြီ ။

သတ္တဝါတိုင်း အတွက် –
ကြားတတ်တဲ့ နားတစ်စုံကိုတော့ ဘုရား ဖန်ဆင်းလို့ထားပေမဲ့ –
ယားတတ်တဲ့ နားအစုံစုံအတွက်တော့ ဘုရား ခံပြင်းလို့နေခဲ့။ ။

( နောင်ကာလ၌ လူတို့သည်၊ စင်ကြယ်သော ဩဝါဒကို နားမခံနိုင်ဘဲ၊ ယားတတ်သော နား ရှိလျှင် မိမိတပ်မက်ခြင်းအတိုင်း များပြားသော ဆရာတို့နောက်သို့ လိုက်ကြလိမ့်မည်။ သမ္မာတရားကို နားမထောင်ဘဲ ဒဏ္ဍာရီစကားကို နားထောင်၍ လွဲသွားကြလိမ့်မည်။ ၂တိ ၄း၃–၄ )

" နား ရှိသောသူ မည်သည်ကား ကြားပါစေ "

**မင်းနေအောင်သက်လွင်**